**စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား ထုတ်ပြန်ကြေညာခြင်း**

ဖတ်(စ်)မြန်မာအင်ဖက်(စ်)မဲ့(န်) အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ ("ကုမ္ပဏီ") နှင့် ၎င်း၏ လက်အောက်ခံ ကုမ္ပဏီခွဲများ စုပေါင်း၍ ("ကုမ္ပဏီအုပ်စု")၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၊ (၃၁)ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် ("၂၀၂၆ ဘဏ္ဍာရေးနှစ်") အတွက် ကုမ္ပဏီ၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေးရှင်းတမ်းများအား ပူးတွဲထုတ်ပြန်ကြေညာအပ်ပါသည်။ ကုမ္ပဏီ၏ စီမံခန့်ခွဲရေး အဖွဲ့ထုတ်ပြန်သော ဘဏ္ဍာရေးအစီရင်ခံစာ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဘဏ္ဍာရေးအစီရင်ခံစာများပါဝင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို YSX website နှင့် https://fmi.com.mm/investors/annual-reports/ တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

**KEY HIGHLIGHTS**
**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2026 (Audited)** | FY 2025 (Audited) | % Change |
|---|---|---|---|
| Revenue | **705,406,617** | 554,715,695 | 27.2% |
| Cost of revenue | **(461,950,510)** | (371,913,421) | (24.2%) |
| Gross profit | **243,456,107** | 182,802,274 | 33.2% |
| *Gross Profit margin* | ***34.5%*** | *33.0%* | |
| Administrative expenses | **(171,778,534)** | (171,808,457) | 0.02% |
| Finance expenses, net | **(3,129,304)** | (2,922,050) | (7.1%) |
| Other losses, net | **(842,112)** | (5,447,919) | 84.5% |
| Share of profit of associates and joint venture, net of tax | **6,376,394** | 9,326,424 | (31.6%) |
| Profit before income tax | **74,082,551** | 11,950,272 | 519.9% |
| Income tax expense | **(17,384,860)** | (1,019,307) | (1,605.6%) |
| **Profit for the year** | **56,697,691** | 10,930,965 | 418.7% |
| Fair value gains on available-for-sale investments | **-** | 386,102 | (100%) |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | (1,608,758) | 100% |
| Share of other comprehensive income of associates | **(113,439)** | 4,741,023 | (102.4%) |
| **Other comprehensive income for the year, net of tax** | **(113,439)** | 3,518,367 | (103.2%) |
| **Total comprehensive income for the year** | **56,584,252** | 14,449,332 | 291.6% |
| **Profits attributable to:**[1] | | | |
| Owners of the Company | **34,802,463** | 6,813,206 | 410.8% |
| Non-controlling interests | **21,895,228** | 4,117,759 | 431.7% |
| | **56,697,691** | 10,930,965 | 418.7% |
| **Earnings per share** | | | |
| Basic (MMK) | **1,051** | 206 | |
| Diluted (MMK) | **841** | 165 | |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

၂၀၂၆ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေသည် ကျပ် ၇၀၅.၄ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၅ ဘဏ္ဍာရေးနှစ်၏ စုစုပေါင်းဝင်ငွေ ကျပ် ၅၅၄.၇ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၂၇.၂ % တိုးတက်လာခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးတက်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ရိုးမဘဏ်”)နှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ (“ပန်းလှိုင် ဆေးရုံများ”) တို့မှ ဝင်ငွေများ တိုးမြင့်ရရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဝင်ငွေများကို အောက်ပါအတိုင်း လုပ်ငန်းကဏ္ဍအလိုက် ခွဲခြားစိတ်ဖြာနိုင်ပါသည်။

| (MMK'000) | **FY 2026 (Audited)** | FY 2025 (Audited) | % Change |
|---|---|---|---|
| Financial services | **578,063,031** | 450,088,033 | 28.4% |
| Healthcare services | **127,258,171** | 104,518,402 | 21.8% |
| Rental income | **79,200** | 72,000 | 10% |
| Dividend income | **6,215** | 37,260 | (83.3%) |
| Total | **705,406,617** | 554,715,695 | 27.2% |

ရိုးမဘဏ်မှ ရရှိသောဝင်ငွေသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၄၅၀.၁ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေ ကျပ် ၅၇၈.၁ ဘီလီယံအထိ ရရှိခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၂၈.၄% တိုးတက်ခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ချေးငွေကဏ္ဍအား တိုးချဲ့နိုင်ခဲ့ခြင်းကြောင့် အတိုးဝင်ငွေရရှိမှု မြင့်တက်လာခြင်းနှင့် ငွေတိုက် စာချုပ်များအပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းမှ ရရှိသောဝင်ငွေများအပြင် နိုင်ငံခြားငွေလဲလှယ်ခြင်း ဝန်ဆောင်မှုမှ ဝင်ငွေများ၊ ချေးငွေထုတ်ချေးခြင်းမှရသော ဝန်ဆောင်ခများ နှင့် Prudential Insurance ၏ အာမခံကိုယ်စားလှယ်ဆုကြေးငွေများ တိုးတက်လာခြင်း အစရှိသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှ ရရှိသည့် ဝင်ငွေ တိုးတက်လာခြင်း တို့ကြောင့် ဖြစ်ပါသည်။

ပန်းလှိုင်ဆေးရုံအုပ်စု၏ ဝင်ငွေသည် ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂၇.၃ ဘီလီယံ ရရှိခဲ့သဖြင့် ၂၀၂၅ ဘဏ္ဍာရေးနှစ်၏ဝင်ငွေ ကျပ် ၁၀၄.၅ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းအားဖြင့် ၂၁.၈% တိုးတက်လာခဲ့ပါသည်။ ထိုသို့ ဝင်ငွေတိုးမြင့်လာခြင်း၏ အဓိက အကြောင်းအရင်းမှာ ပြည်ပအထူးကုဆရာဝန်များ လာရောက်ကုသပေးခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများ တိုးမြင့်လာခြင်းနှင့်အတူ ဆေးကုသမှုဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာခြင်းနှင့် ကျန်းမာရေး စစ်ဆေးမှုဆိုင်ရာ ဝန်ဆောင်မှု (MCU) များအား အထူးလျှော့စျေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းမှ လာရောက်ပြသသည့် လူနာအရေအတွက် တိုးများလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အကြမ်းအမြတ်သည် ကျပ် ၂၄၃.၅ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၅ ဘဏ္ဍာရေးနှစ်၏ အကြမ်းအမြတ် ကျပ် ၁၈၂.၈ ဘီလီယံနှင့် နှိုင်းယှဉ်လျှင် ၃၃.၂% တိုးမြင့်ခဲ့ပါသည်။ ထိုသို့ အကြမ်းအမြတ်တိုးမြင့်လာရခြင်း၏ အဓိက အကြောင်းအရင်းမှာ ရိုးမဘဏ်နှင့် ပန်းလှိုင်ဆေးရုံများ၏ လုပ်ငန်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာခြင်းကြောင့် ဖြစ်ပြီး၊ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍမှ အတိုးဝင်ငွေ နှင့် ငွေတိုက်စာချုပ် ရင်းနှီးမြှုပ်နှံမှုများမှ ရရှိလာသော ဝင်ငွေများ တိုးတက်လာခြင်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင်လည်း ပင်မကျန်းမာရေးဝန်ဆောင်မှုအား ဆက်လက် တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေများ တိုးတက်လာ ခဲ့ပါသည်။

လုပ်ငန်းကဏ္ဍ အသီးသီးတွင် အထွေထွေလုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များ မြင့်တက်လာခဲ့သော်လည်း ဘဏ်၏ အိမ်ရာချေးငွေများကို သက်တမ်းမတိုင်မီ စောလျင်စွာ ပေးချေမှုအပေါ်တွင် အကျိုးခံစားခွင့်ပေးခြင်းများ သိသိသာသာ

လျှော့ချခဲ့ခြင်း၊ ထို့အပြင် ချေးငွေ ပြန်လည်ပေးဆပ်ရန် ပျက်ကွက်သော customer များထံမှပြန်လည်ကောက်ခံ ရရှိလာခြင်းတို့ကြောင့် ချေးငွေဆုံးရှုံးနိုင်မှု လျာထားချက်များကို ပြန်လည်လျှော့ချနိုင်ခဲ့သဖြင့် စီမံခန့်ခွဲမှု အသုံးစရိတ်များကို ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကုန်ကျခဲ့သောစရိတ်အနေအထားတွင် ထိန်းသိမ်းထားနိုင်ခဲ့ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာ အသုံးစရိတ်များသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၂.၉ ဘီလီယံမှ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃.၁ ဘီလီယံသို့ အနည်းငယ် တိုးမြင့်လာခဲ့ပြီး၊ ထိုသို့တိုးမြင့်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ ကုမ္ပဏီ၏ချေးငွေ သက်တမ်းတိုးမြှင့်ခြင်း (loan rescheduling tenure) ကြောင့်ဘဏ်သို့ပေးရသော စရိတ်များကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ အခြားသောဆုံးရှုံးမှုများသည်လည်း ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရရှိခဲ့သော ကျပ် ၅.၄ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၈ ဘီလီယံသို့ သိသိသာသာ လျော့နည်းခဲ့ပါသည်။ ထိုသို့ ဆုံးရှုံးမှုလျော့နည်းသွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးသင့်ခြင်းမှ ဖြစ်ပေါ်လာသော စာရင်းအရ ဆုံးရှုံးမှုများလျော့နည်းသွားခြင်းတို့ကြောင့်ဖြစ်ပါသည်။ ယခင်နှစ်တွင် ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုများတန်ဖိုး ပြန်လည်သင့်ရာမှ ရရှိခဲ့သည့်အမြတ်များ နှင့် ရောင်းချခဲ့ပြီးဖြစ်သော ကာလတို ရင်းနှီးမြှုပ်နှံမှုများအား စာရင်းမှ ပယ်ဖျက်ရာတွင်တစ်ကြိမ်တည်း ဖြစ်ပေါ်ခဲ့သော အမြတ်များသည် ယခုနှစ်တွင် မရှိတော့သော်လည်း နိုင်ငံခြားငွေကြေးဆိုင်ရာဆုံးရှုံးမှုများမှာ သိသိသာသာ လျော့ကျခဲ့ခြင်းကြောင့် စုစုပေါင်း အခြားသောဆုံးရှုံးမှုတွင် သိသိသာသာလျော့နည်းခြင်းဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| (MMK'000) | **FY 2026 (Audited)** | FY 2025 (Audited) |
|---|---|---|
| Losses on foreign currency exchange, net | **(161,900)** | (9,346,323) |
| Gain on fair value of investment properties | **-** | 2,576,446 |
| Loss on disposal of associates | **(13,943)** | - |
| Gain on disposal of property, plant and equipment | **92,784** | 222,684 |
| Gain on derecognition of available-for-sale investment | **-** | 1,567,702 |
| Write-back of payable | **64,135** | 52,134 |
| Write-off of receivable | **(48,556)** | (18,285) |
| Write-off of Project | **-** | (12,497) |
| Adjustment for under-recognition of account receivable | **-** | 7,666 |
| Write-off of property, plant and equipment | **(774,632)** | (497,446) |
| **Total Other Losses** | **(842,112)** | (5,447,919) |

ကုမ္ပဏီအုပ်စုသည် ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တွဲဖက်ကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိခဲ့သော အရှုံးအမြတ်အသေးစိတ်ကို အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ၍ တင်ပြပါသည်။

| (MMK'000) | **Stake** | **Group Share of Profit/(Loss)**<br>**FY 2026**<br>(Audited) | FY 2025<br>(Audited) |
|---|---|---|---|
| Thanlyin Estate Development Limited | 30.0% | **10,339,457** | 16,000,431 |
| FMI Garden Development Limited | 47.5% | **458,215** | 1,247,151 |
| Meeyahta International Hotel Limited | 20.0% | **-** | - |
| Kawthaung Hill Investment Limited | 37.5% | **(182)** | (171) |
| LSC-FMI Company Limited | 50.0% | **(2,679)** | (1,573) |
| Pun Hlaing Links Services Company Limited | 30.0% | **(35,265)** | (65,026) |
| FMI Decaux Company Limited | 40.0% | **213,202** | (407,007) |
| Memories (2022) Pte. Limited | 16.66% | **(3,907,248)** | (2,199,693) |
| CLW Development Limited | 25.0% | **(1,096,713)** | (5,247,688) |
| Chindwin Holdings Pte Ltd | 30% | **408,808** | - |
| Chindwin Bagan Co.,Ltd | 30% | **(1,124)** | - |
| Yoma Urban Development Co.,Ltd. | 30% | **(77)** | - |
| **Total Share of Profit** | | **6,376,394** | 9,326,424 |

ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီများ နှင့် ဖက်စပ်ကုမ္ပဏီများမှ ရရှိသော အချိုးကျအမြတ်ငွေမှာ ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၉.၃ ဘီလီယံ ရရှိခဲ့ရာမှ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၆.၄ ဘီလီယံ ရရှိခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၃၁.၆% လျော့နည်းခဲ့ပါသည်။ ထိုသို့ အမြတ်ငွေများ ကျဆင်းသွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ Thanlyin Estate Development Limited ၏ ရင်းနှီးမြှုပ်နှံထားသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအပေါ် ဈေးကွက်တန်ဖိုး ပြန်လည်သတ်မှတ်ရာမှ ရရှိသည့်အမြတ်ငွေ ကျဆင်းသွားခြင်းနှင့် အိမ်ရာဖော်ထုတ်တည်ဆောက်ရေး လုပ်ငန်းကဏ္ဍမှ "Estella" နှင့် "ARA" အစရှိသော အိမ်ရာများ တည်ဆောက်ပြီးစီးမှုတို့ကြောင့် ဖြစ်ပါသည်။ ထို့အပြင် Memories (2022) Pte Ltd မှလည်း အချိုးကျအရှုံးပမာဏ တိုးလာခဲ့ပြီး၊ Hotel Suggati ရောင်းချမှုမှ ဖြစ်ပေါ်လာသော အရှုံးငွေနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးသင့်ရာမှ ဖြစ်ပေါ်လာသော စာရင်းအရ ဆုံးရှုံးမှုများနှင့်အတူ ဘဏ္ဍာရေးချေးငွေများအပေါ် အတိုးပေးရငွေကုန်ကျစရိတ်များ တိုးမြင့်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထိုဆုံးရှုံးမှုကို CLW Development Limited ၏ စွမ်းဆောင်ရည် တိုးတက်လာမှုက တစ်စိတ်တစ်ပိုင်း လျော့နည်းစေခဲ့ပြီး၊ အဓိကအားဖြင့် ရှယ်ယာရှင်ချေးငွေများအပေါ် နိုင်ငံခြားငွေလဲလှယ်နှုန်း တန်ဖိုးသင့်ရာမှ ပေါ်ပေါက်လာသော စာရင်းအရ အရှုံးငွေများ သိသိသာသာ လျော့ကျလာခြင်းကြောင့် ကုမ္ပဏီအုပ်စု၏ အရှုံးပမာဏလည်း လျော့နည်းခဲ့ပါသည်။

အထက်တွင်ဖော်ပြခဲ့သော အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စု၏ အခွန်လျာထားပြီး အသားတင်အမြတ်ငွေသည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၁.၀ ဘီလီယံ ရရှိခဲ့ပြီး ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၅၆.၇ ဘီလီယံအထိ တိုးမြင့် ရရှိခဲ့ပါသည်။

လက်ရှိ ဘဏ္ဍာရေးနှစ်အတွက် စုစုပေါင်း အခြားသော ဝင်ငွေအလုံးစုံ (Total Other Comprehensive Income) သည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၃.၅ ဘီလီယံမှ ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၀.၁ ဘီလီယံသို့ လျော့ကျခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၃.၂% ကျဆင်း ခဲ့ပါသည်။ ယင်းလျော့ကျမှု၏ အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီအုပ်စု၏ တွဲဖက်ကုမ္ပဏီအများမှ ရရှိသော အခြားဝင်ငွေအလုံးစုံ (share of other comprehensive income) လျော့နည်းသွားခြင်းကြောင့် ဖြစ်ပြီး အထူးသဖြင့် Memories

(2022) Pte Ltd မှ ရရှိသော နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ ဖြစ်ပေါ်လာသည့် လုပ်ငန်းလည်ပတ်မှု နှင့် မသက်ဆိုင်သော (foreign currency translation gains) အမြတ်ငွေများ လျော့နည်းသွားခြင်း တို့ကြောင့်ဖြစ်ပါသည်။ ထို့အပြင် ယခင်နှစ်တွင် တကြိမ်တည်းဖြစ်ပေါ်သည့် MTSHတွင် ရင်းနှီးမြှုပ်နှံထားသည့် အစုရှယ်ယာများကို စျေးကွက်ပေါက်စျေးအရ ပြန်လည်တန်ဖိုးသင့်ရာမှ ဖြစ်ပေါ်လာသော တန်ဖိုးသင့်အမြတ်များကို ၎င်းရင်းနှီးမြှုပ်နှံမှု ရောင်းချချိန်တွင် အခြားသောဝင်ငွေအလုံးစုံမှ အရှုံးအမြတ်စာရင်းသို့ ပြောင်းလဲ စာရင်းညှိနှိုင်းချက်များမရှိခြင်းက ယခုနှစ်တွင် အလုံးစုံဝင်ငွေ လျော့နည်းခြင်းကို သက်သာစေပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများကြောင့် ကုမ္ပဏီအုပ်စု၏ ရှယ်ယာတစ်စုအပေါ်ရရှိသည့် အခြေခံဝင်ငွေ ("EPS") နှင့် ရှယ်ယာတစ်စုအတွက် လျော့ကျရရှိမည့် ဝင်ငွေ ("Diluted EPS") တို့သည် ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အမြတ်အဖြစ် ကျပ် ၂၀၆ နှင့် ကျပ် ၁၆၅ အထိရရှိခြင်းနှင့် နှိုင်းယှဉ်လျှင် ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အမြတ်အဖြစ် ကျပ် ၁,၀၅၁ နှင့် ကျပ် ၈၄၁ အထိအသီးသီး ရရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၄၁၀.၃% နှင့် ၄၀၉.၆% အသီးသီး တိုးမြင့်ခဲ့ပါသည်။ Diluted EPS အား နောင်တွင်ထုတ်ဝေပေးရမည့် အစုရှယ်ယာများအား စာရင်းကာလအစတွင် ထုတ်ဝေပြီးအနေအထားတို့ဖြင့် ပျှမ်းမျှအခြေခံ၍ တွက်ချက်ထားခြင်း ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးနှစ်ချုပ်စာရင်းရှင်းတမ်းအား ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ယခင်ဘဏ္ဍာရေးနှစ် အခြေအနေနှင့် အောက်ပါအတိုင်း ပူးတွဲဖော်ပြအပ်ပါသည်။

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2026 (Audited)** | As at 31-Mar-2025 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,976,682,642** | 3,942,662,602 | 26.2% |
| Total non-current assets | **1,215,690,311** | 1,078,234,942 | 12.7% |
| Total assets | **6,192,372,953** | 5,020,897,544 | 23.3% |
| **LIABILITIES** | | | |
| Total current liabilities | **5,501,667,605** | 4,393,812,344 | (25.2%) |
| Total non-current liabilities | **15,268,449** | 14,914,344 | (2.4%) |
| Total liabilities | **5,516,936,054** | 4,408,726,688 | (25.1%) |
| **NET ASSETS** | **675,436,899** | 612,170,856 | 10.3% |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **534,342,341** | 494,813,111 | 8.0% |
| Non-controlling interest | **141,094,558** | 117,357,745 | 20.2% |
| **TOTAL EQUITY** | **675,436,899** | 612,170,856 | 10.3% |

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၃,၉၄၂.၇ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၄,၉၇၆.၇ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည် ။ ဤသို့ တိုးတက်လာရခြင်း အဓိက အကြောင်းအရင်းမှာ ဘဏ္ဍာရေးဝန်ဆောင်မှုကဏ္ဍတွင် ရိုးမဘဏ်၏ ချေးငွေကဏ္ဍတိုးတက်လာခြင်း နှင့် အစိုးရငွေတိုက်စာချုပ်များ အပေါ်တွင် ထပ်တိုးရင်းနှီး မြှုပ်နှံမှုများ ( T-bills and T-bonds) ပြုလုပ်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သော ရပိုင်ခွင့်များသည် ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၁,၀၇၈.၂ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၁,၂၁၅.၇ ဘီလီယံအထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ အစိုးရငွေတိုက်စာချုပ်များအပေါ်တွင် ထပ်တိုးရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခြင်းများအပြင် ကုမ္ပဏီ၏ တွဲဖက်ကုမ္ပဏီများမှရရှိသော အမြတ်ခွဲဝေမှုများနှင့် နိုင်ငံခြားငွေစာရင်းအား မြန်မာကျပ်ငွေဖြင့် ပြောင်းလဲစာရင်းသင့်ရာမှ တိုးမြင့်လာသော ရန်ပုံငွေပမာဏ (Translation Reserve) များ ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းပေးရန်တာဝန်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၄,၃၉၃.၈ ဘီလီယံ ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ၅,၅၀၁.၇ဘီလီယံအထိ တိုးမြင့်သွားခဲ့ပါသည်။ ဤသို့ လက်ငင်းပေးရန်တာဝန် တိုးမြင့်သွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ရိုးမဘဏ်၏ customer များမှ အပ်နှံငွေများ တိုးမြင့်လာခြင်းအပြင် အဓိကအားဖြင့် ဘဏ်၏ Saving Deposit, Super Fixed နှင့် Flexi ထုတ်ကုန်များတွင် အပ်ငွေများ သိသိသာသာ တိုးတက်လာခြင်းကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ စုစုပေါင်း လက်ငင်းမဟုတ်သောပေးရန်တာဝန်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၁၄.၉ ဘီလီယံရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၁၅.၃ ဘီလီယံခန့်အထိ အနည်းငယ် တိုးမြင့်လာခဲ့ပါသည်။ ထိုသို့ တိုးမြင့်သွားရခြင်း၏ အဓိကအကြောင်းအရင်းမှာ ပန်းလှိုင်ဆေးရုံများ၏ အစုရှယ်ယာရှင်များထံမှ နိုင်ငံခြားငွေဖြင့် ချေးယူထားသော ချေးငွေများအား ငွေလဲနှုန်းမြင့်တက်မှုကြောင့် ပြန်လည်တန်ဖိုးသတ်မှတ်ရာတွင် မြန်မာကျပ်ငွေတန်ဖိုး ပိုမိုမြင့်တက်လာခြင်း ကြောင့် ဖြစ်ပါသည်။

ကုမ္ပဏီအုပ်စု၏ မတည်ရင်းနှီးငွေသည် ယခုဘဏ္ဍာရေးနှစ်အတွင်း ၁၀.၃% တိုးတက်လာခဲ့ပြီး၊ ထိုသို့ တိုးတက်လာရသည့် အဓိကအကြောင်းအရင်းမှာ ကုမ္ပဏီအုပ်စု၏ ကောင်းမွန်လာသော ဘဏ္ဍာရေး စွမ်းဆောင်ချက်များကြောင့် ဖြစ်ပါသည်။ ထို့အပြင် ကုမ္ပဏီအုပ်စု၏လုပ်ငန်းများမှ အခြားသော အလုံးစုံဝင်ငွေ တိုးမြင့်လာခြင်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်း (ရိုးမဘဏ်) မှ မတည်ရင်းနှီးမှုဆိုင်ရာ အရန်ငွေများ (Equity Reserves) နှင့် အစုရှယ်ယာရှင်ငွေများနှင့် မသက်ဆိုင်သည့်ငွေ (Non-controlling interest) တို့တိုးမြင့်လာခြင်းတို့ကြောင့်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့အထိ ကုမ္ပဏီအုပ်စု၏ ငွေသားနှင့်ဘဏ်လက်ကျန်မှာ အကြမ်းအားဖြင့် ကျပ် ၇၅၈.၃ ဘီလီယံ ရှိပါသည်။ ကုမ္ပဏီ၏ ငွေသားစီးဆင်းမှုရှင်းတမ်း အနှစ်ချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2026** (Audited) | FY 2025 (Audited) | % Change |
|---|---|---|---|
| Net cash (used in)/provided by operating activities | **(349,148,843)** | 467,703,890 | (174.7%) |
| Net cash used in investing activities | **(21,773,200)** | (20,093,015) | (8.4%) |
| Net cash used in financing activities | **(7,821,418)** | (4,711,319) | (66.0%) |
| Net (decrease)/increase in cash and cash equivalents | **(378,743,461)** | 442,899,556 | (185.5%) |
| Cash and cash equivalents at beginning of the year | **1,137,007,579** | 694,108,023 | (63.8%) |
| Cash and cash equivalents at the end of the year | **758,264,118** | 1,137,007,579 | (33.3%) |

ကုမ္ပဏီအုပ်စု၏ ငွေသားနှင့် ဘဏ်လက်ကျန်မှာ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကျပ် ၇၅၈.၃ ဘီလီယံရှိခဲ့ပြီး၊ ၂၀၂၅ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင်ရှိသော ကျပ် ၁,၁၃၇.၀ ဘီလီယံနှင့် နှိုင်းယှဉ်ပါက ၃၃.၃% လျော့နည်းခဲ့ပါသည်။ ယင်းလျော့နည်းမှု၏

အဓိကအကြောင်းရင်းမှာ ရိုးမဘဏ်မှ ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့၌ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းများအတွက် အသုံးပြုခဲ့သော အသားတင် ငွေသားမှာ ကျပ် ၃၄၉.၁ ဘီလီယံ ဖြစ်ခဲ့ပြီး၊ အဓိကအားဖြင့် ရိုးမဘဏ်၏ ချေးငွေကဏ္ဍမှ ချေးငွေတိုးလာခြင်း၊ customer များ၏ အပ်နှံငွေများတိုး များလာခြင်းနှင့် ရိုးမဘဏ် မှ ရင်းနှီးမြှုပ်နှံထားသော ငွေတိုက်စာချုပ်များသည် သက်တမ်းပြည့်ချိန်တွင် ပြန်လည်ထုတ်ယူ ခြင်းတို့ကြောင့်ဖြစ်ပါသည်။ ကုမ္ပဏီအုပ်စု၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များ ကောင်းမွန်စွာ လုပ်ဆောင်နိုင်ရန် အတွက် ကျပ် ၂၁.၈ ဘီလီယံ သုံးစွဲခဲ့ပြီး အဓိကအားဖြင့် လုပ်ငန်းစုအနေဖြင့် လိုအပ်သော စက်ပစ္စည်းကိရိယာများ ဝယ်ယူခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။ ထို့အပြင် ၂၀၂၆ ခုနှစ်၊ မတ်လ၊ ၃၁ ရက်နေ့တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ် အတွင်း ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများ အတွက် အသုံးပြုခဲ့သော အသားတင် ငွေသားမှာ ကျပ် ၇.၈ ဘီလီယံ ဖြစ်ခဲ့ပြီး၊ အဓိကအားဖြင့် ပန်းလှိုင်ဆေးရုံများမှ ဘဏ်ချေးငွေများ ပြန်လည် ဆပ်ပေးခြင်းနှင့်၊ ကုမ္ပဏီနှင့် ဆေးရုံလုပ်ငန်းများမှ ဘဏ်ချေးငွေအပေါ် အတိုးပေးချေမှုများကြောင့် ဖြစ်သည်။

## အနာဂတ်မျှော်မှန်းချက်များ

ငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် စီးပွားရေးအခြေအနေများ တိုးတက်လာသော်လည်း၊ မြန်မာနိုင်ငံ၏ လုပ်ငန်းလည်ပတ်မှု အခြေအနေသည် မသေချာမှုများ၊ ငွေလဲနှုန်း မတည်ငြိမ်မှုများ၊ အခြေခံအဆောက်အအုံဆိုင်ရာ ကန့်သတ်ချက်များ နှင့် သွင်းကုန်ကန့်သတ်ချက်များ အစရှိသည့် စိန်ခေါ်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်တွင် စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်တွင် စီးပွားရေးသည် အနည်းငယ် ပြန်လည်တိုးတက်လာခဲ့ပြီး၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ၂၀၂၆ ခုနှစ်အတွက် တိုင်းပြည်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်းမှာ ၂.၄% နှင့် ၂၀၂၇ ခုနှစ်အတွက် ၂.၇% ရှိမည်ဟု ခန့်မှန်းထားပါသည်။ ထိုသို့စိန်ခေါ်မှုများ ဆက်လက်တည်ရှိနေသော်လည်း ကုမ္ပဏီအုပ်စုသည် ခိုင်မာပြီး စည်းစနစ်တကျ စီမံခန့်ခွဲသည့် နည်းလမ်းကို ဆက်လက်ကျင့်သုံးခဲ့ပြီး ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ နှင့် အိမ်ရာစီမံကိန်း ဝန်ဆောင်မှု လုပ်ငန်းကဏ္ဍရှိ ရင်းနှီးမြှုပ်နှံမှုများ၏ ကောင်းမွန်သော လုပ်ဆောင်နိုင်မှုများကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက သိသိသာသာ ပိုမိုကောင်းမွန်သော လုပ်ဆောင်မှုရလဒ်များကို ရရှိခဲ့သည်။

## ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ရိုးမဘဏ်သည် သည် ဘဏ္ဍာရေးနှစ်အတွင်း ၎င်း၏သမိုင်းတစ်လျှောက် အမြင့်ဆုံးအမြတ်အစွန်းကို ရရှိခဲ့ပြီး၊ customer များ၏ ယုံကြည်မှုကြောင့် အပ်ငွေများ တိုးတက်လာခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကာလတို စီးပွားရေးချေးငွေများ ပြန်လည်ခွင့်ပြုပေးပြီးနောက် ချေးငွေဝန်ဆောင်မှုများ ပြန်လည်ထုတ်ချေးနိုင်ခဲ့ခြင်းတို့ကြောင့်လည်း အဓိက ပါဝင်ခဲ့ပါသည်။

ရိုးမဘဏ် သည် ချေးငွေအရည်အသွေး ပိုမိုကောင်းမွန်စေရန်နှင့် ဘဏ်ဝန်ဆောင်မှုပေးသော ကဏ္ဍ များတိုးချဲ့နိုင်ရန် ဗဟိုမှချုပ်ကိုင်သော တန်းဖိုးသတ်မှတ်ရေးအဖွဲ့ (valuation team) ကို ဖွဲ့စည်းခဲ့ပြီး၊ MPU Credit Card လုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရန်နှင့် ကားများနှင့် EV ယာဉ်များအတွက် Hire Purchase (HP) အရစ်ကျချေးငွေများ ထုတ်ချေးနိုင်ရန် လိုအပ်သော ခွင့်ပြုချက်များ ရရှိခဲ့သည်။ ရိုးမဘဏ် သည် “Next App MMQR” ကို မိတ်ဆက်ခြင်းနှင့် City Mart Holdings Limited နှင့် ပူးပေါင်း၍ Agent Banking services များကို တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် ဒစ်ဂျစ်တယ်ဘဏ်ဝန်ဆောင်မှု နှင့် customerများကိုပေးသော ဝန်ဆောင်မှုစွမ်းရည်များကို ပိုမိုမြှင့်တင်နိုင်ခဲ့ပြီး၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှု သုံးစွဲသူများအနေဖြင့် ဘဏ်ခွဲသို့ သွားရောက်ရန်မလိုဘဲ ဘဏ်ဝန်ဆောင်မှုများ ပိုမိုလွယ်ကူစွာ ရရှိအသုံးပြုနိုင်စေခဲ့သည်။

ထို့အပြင် ရိုးမဘဏ် သည် 2C2P, MoneyGram, Western Union, Ria နှင့် Dee Money တို့နှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံတကာငွေလွှဲကွန်ရက်ကို ပိုမိုခိုင်မာစေခဲ့ပြီး၊ ပြည်ပရောက် မြန်မာအလုပ်သမားများအတွက် လုံခြုံပြီး အဆင်ပြေသော ငွေလွှဲဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ရိုးမဘဏ် နှင့် Prudential Myanmar တို့သည် ဘဏ်နှင့်အာမခံလုပ်ငန်းပူးပေါင်းလုပ်ဆောင်မှု ကို နောက်ထပ် ၁၀ နှစ် သက်တမ်းတိုးခဲ့ကြသည်။

## ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ

ကုမ္ပဏီအုပ်စု၏ ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းဖြစ်သော ပန်းလှိုင်ဆေးရုံ သည် ယခုဘဏ္ဍာရေးနှစ်အတွင်း ပင်မကျန်းမာရေးဝန်ဆောင်မှုများကို တိုးချဲ့နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေတိုးတက်မှု ပို၍ ရရှိခဲ့ပါသည်။ အဓိက ဆေးဘက်ဆိုင်ရာ အောင်မြင်မှုများအနက် ကျောက်ကပ်အစားထိုးခွဲစိတ်မှု ၆၁ စုံကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံရှိ ပုဂ္ဂလိကပိုင် အစားထိုးခွဲစိတ်ကုသရေးစင်တာများအနက် ဦးဆောင်နေရာတွင် ရပ်တည်နိုင်ခဲ့ပါသည်။ အရည်အသွေးမြင့်ဝန်ဆောင်မှု၊ တီထွင်ဆန်းသစ်မှုနှင့် လူနာဗဟိုပြုစောင့်ရှောက်မှုအပေါ် ကတိကဝတ်ပြုမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ပန်းလှိုင်ဆေးရုံအား Hospital Management Asia Awards 2026 မှ “Hospital Group of the Year 2026” ဆုကို ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

အထူးပြုကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင်မှုကို တိုးမြှင့်ရန်အတွက် ပန်းလှိုင်ဆေးရုံ သည် IJN Malaysia နှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး၊ မြန်မာနိုင်ငံရှိ ကလေးလူနာများအတွက် နှလုံးခွဲစိတ်ကုသမှုအစီအစဉ်များကို ပေးနိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ထို့အပြင် ပြည်ပမှ အထူးကုဆရာဝန်များနှင့် တိုင်ပင်ဆွေးနွေးနိုင်စေရန်နှင့် အဆင့်မြင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများကို ပြည်တွင်းတွင် ရရှိနိုင်စေရန် နိုင်ငံခြားဆရာဝန်များ မှ လာရောက်ဆေးကုသမှုပေးခြင်း များကိုလည်း တိုးချဲ့လုပ်ဆောင်လျက်ရှိပါသည်။ ရောဂါရှာဖွေစစ်ဆေးမှုများ ရယူနိုင်မှုကို မြှင့်တင်ရန်အတွက် ပန်းလှိုင်ဆေးရုံ သည် ဓာတ်ခွဲနမူနာစုဆောင်းရေး စင်တာများကိုလည်း ထပ်မံတိုးချဲ့သွားရန် စီစဉ်ထားရှိပါသည်။ ထို့အပြင် ပန်းလှိုင်ဆေးရုံ၏ ၂၁ နှစ်ပြည့် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကျန်းမာရေး စစ်ဆေးမှု ဆိုင်ရာဝန်ဆောင်မှုများအတွက် Medical Check-Up (MCU) အစီအစဉ်များသည် ပြည်သူလူထုထံမှကောင်းမွန်စွာလက်ခံအားပေးမှုရရှိခဲ့ပါသည်။

ပန်းလှိုင်ဆေးရုံ သည် Heal App မှတစ်ဆင့် လူနာများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကို အွန်လိုင်းနှင့် လူကိုယ်တိုင်ဝန်ဆောင်မှုနှစ်မျိုးစလုံးတွင် ပိုမိုလွယ်ကူစွာ ရယူနိုင်ရန် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းရှိ လူနာများကို ပိုမိုဝန်ဆောင်မှုပေးနိုင်ရန် တောင်ကြီး နှင့် မန္တလေးမြို့များ ရှိ ဆေးရုံအဆောက်အအုံများ တိုးချဲ့ရေးအတွက်လည်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိသည်။

## အိမ်ရာဖော်ထုတ်တည်ဆောက်ရေးလုပ်ငန်း

ကုမ္ပဏီအုပ်စု ၏ အိမ်ရာဖော်ထုတ်ရေး လုပ်ငန်းကဏ္ဍသည် လက်ရှိဈေးကွက်အခြေအနေ အပြောင်းအလဲများနှင့် မတည်ငြိမ်မှုများရှိနေသော်လည်း မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ပံ့ပိုးကူညီရန် ကတိပြု ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် လှိုင်သာယာ မြို့နယ်ရှိ “City Loft West” စီမံကိန်းမှ အခန်းပေါင်း ၂၂၁ ခန်း ပါဝင်သော တာဝါ D (Tower D) ကို ရောင်းချရန် စတင်မိတ်ဆက်ခဲ့ပြီး ယနေ့အထိ ခန့်မှန်းအားဖြင့် ၅၀% ခန့် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တာဝါ D ကို ၂၀၂၈ ခုနှစ် နောက်ဆုံးသုံးလပတ်တွင် ပြီးမြောက်ရန် ရည်မှန်းထားရှိပါသည်။

ယခင်က ရောင်းချပြီးသော တာဝါ A, B နှင့် C တို့၏ ဆောက်လုပ်မှုများသည်လည်း အချိန်ဇယားအတိုင်း ဆက်လက်တိုးတက်လျက်ရှိပြီး ၂၀၂၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြီးစီးရန် မျှော်မှန်းထားကာ တာဝါအလိုက် လက်လွှဲအပ်မှုများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဆောက်လုပ်မှုများ တိုးတက်လာပြီး ရောင်းချအပ်နှံမှုများ တိုးတက်လာသည်နှင့်အမျှ သက်ဆိုင်ရာဝင်ငွေများအား ဘဏ္ဍာရေးအစီရင်ခံကာလများတွင် သင့်လျော်စွာဖော်ပြ သွားမည်ဖြစ်သည်။

**ခရီးသွားဝန်ဆောင်မှုလုပ်ငန်း**

ဒေသတွင်း ခရီးသွားလာရေး တိုးများလာခြင်း နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာခြင်း တို့ကြောင့် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍသည် တဖြည်းဖြည်း ပြန်လည်နာလန်ထူလာမည်ဟု မျှော်မှန်းထားရှိပါသည်။ Memories Group သည် ဒေသတွင်း ခရီးသွားဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်းဖြင့် ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်နာလန်ထူမှုတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပြီး၊ Awei Pila နှင့် Awei Metta Hotel တို့တွင် လာရောက်အပန်းဖြေသူဦးရေသည် လည်း ပြီးခဲ့သော ဘဏ္ဍာရေးနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်လာခဲ့ပါသည်။

ခိုင်မာပြီး လိုက်လျောညီထွေမှုရှိသော လုပ်ငန်းလုပ်ကိုင်မှုများကြောင့် Memories Group သည် နိုင်ငံအတွင်း တာဝန်ယူမှုရှိသော ဧည့်ဝတ်ပြုလုပ်ငန်း (responsible hospitality) ကို ဆက်လက်မြှင့်တင်ရန် ကတိပြုထားသည်။ ကုမ္ပဏီအုပ်စုသည် Memories Group၏ မဟာဗျူဟာမြောက် ဦးတည်ချက်များနှင့် အနာဂတ်တိုးတက်မှု အစီအစဉ်များကို ဆက်လက်အားပေး ထောက်ခံသွားမည်ဖြစ်ပါသည်။

**ဒါရိုက်တာအဖွဲ့၏ အမိန့်အရ**

ထွန်းထွန်း
အမှုဆောင် အရာရှိချုပ်
၂၀၂၆ ခုနှစ်၊ ဇွန်လ၊ (၂၆) ရက်

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766

## AUDITED FINANCIAL STATEMENTS AND MANAGEMENT DISCUSSION & ANALYSIS

The Board of Directors of First Myanmar Investment Public Co., Ltd ("the Company", and with its subsidiaries "the Group"), wishes to announce the release of the Company's audited financial statements for the year ended 31st March 2026 ("FY 2026"). The Company's management is pleased to provide a discussion and analysis of the year-end results below.

The annual report containing the audited financial statements can be accessed via the YSX website and is also available at: https://fmi.com.mm/investors/annual-reports/

### KEY HIGHLIGHTS

**Summary of Group Statement of Comprehensive Income**

| (MMK'000) | **FY 2026** (Audited) | FY 2025 (Audited) | % Change |
|---|---|---|---|
| Revenue | **705,406,617** | 554,715,695 | 27.2% |
| Cost of revenue | **(461,950,510)** | (371,913,421) | (24.2%) |
| Gross profit | **243,456,107** | 182,802,274 | 33.2% |
| *Gross Profit margin* | ***34.5%*** | *33.0%* | |
| Administrative expenses | **(171,778,534)** | (171,808,457) | 0.02% |
| Finance expenses, net | **(3,129,304)** | (2,922,050) | (7.1%) |
| Other losses, net | **(842,112)** | (5,447,919) | 84.5% |
| Share of profit of associates and joint venture, net of tax | **6,376,394** | 9,326,424 | (31.6%) |
| Profit before income tax | **74,082,551** | 11,950,272 | 519.9% |
| Income tax expense | **(17,384,860)** | (1,019,307) | (1,605.6%) |
| **Profit for the year** | **56,697,691** | 10,930,965 | 418.7% |
| Fair value on available-for-sale investments | **-** | 386,102 | (100.0%) |
| Net change in fair value of previously held interest in available-for-sale investment reclassified to profit or loss | **-** | (1,608,758) | 100.0% |
| Share of other comprehensive income of associates | **(113,439)** | 4,741,023 | (102.4%) |
| **Other comprehensive income for the year, net of tax** | **(113,439)** | 3,518,367 | (103.2%) |
| **Total comprehensive income for the year** | **56,584,252** | 14,449,332 | 291.6% |
| **Profits attributable to:**[1] | | | |
| Owners of the Company | **34,802,463** | 6,813,206 | 410.8% |
| Non-controlling interests | **21,895,228** | 4,117,759 | 431.7% |
| | **56,697,691** | 10,930,965 | 418.7% |
| **Earnings per share** | | | |
| Basic (MMK) | **1,051** | 206 | |
| Diluted (MMK) | **841** | 165 | |

[1] Net profit attributable to equity holders of the Company used for the computation of basic/diluted EPS has been adjusted for the distribution to the holders of perpetual securities.

The Group's total revenue for the year FY2026 growth by 27.2% year-over-year to MMK 705.4 billion as compared to MMK 554.7 billion recorded in FY2025. This revenue improvement was mainly generated from the Group's financial services segment ("Yoma Bank") and healthcare segment ("Pun Hlaing Hospitals"). Below is the breakdown of revenue by business segment: -

| (MMK'000) | **FY 2026** (Audited) | FY 2025 (Audited) | % Change |
|---|---|---|---|
| Financial services | **578,063,031** | 450,088,033 | 28.4% |
| Healthcare services | **127,258,171** | 104,518,402 | 21.8% |
| Rental income | **79,200** | 72,000 | 10% |
| Dividend income | **6,215** | 37,260 | (83.3%) |
| **Total** | **705,406,617** | 554,715,695 | 27.2% |

Revenue from Yoma Bank, the primary contributor to the Group's overall revenue, increased by 28.4% to MMK 578.1 billion in FY2026 from MMK 450.1 billion in FY2025. The growth was mainly driven by higher interest income from increasing loan portfolio and treasury income from more investment in treasury securities as well as the non-funded income, especially foreign exchange income, facility establishment fees and insurance agent bonus income from Prudential Insurance.

Revenue from Pun Hlaing Hospitals increase to MMK 127.3 billion in FY2026, up 21.8% from MMK 104.5 billion in FY2025. The increase was mainly driven by higher ancillary service revenue including overseas doctor visits, supported by greater patient volume resulting from enhanced clinical services and the Medical Check-Up (MCU) discount packages.

The Group's gross profit increased by 33.2% to MMK 243.5 billion in FY2026 from MMK 182.8 billion in FY2025. This growth was due to improved performance from both Yoma Bank and Pun Hlaing Hospitals, supported by higher interest and treasury income from financial service as well as continued organic expansion within the healthcare sector.

Despite increasing the general operating costs across sectors, the administrative expenses were maintained at a similar level to FY 2025 due to massive reduction in special settlement discounts for early home loan repayment in the Bank in FY 2026 and reversal of non-performing loan (NPLs) provision due to recovery from NPL customers.

The Group's finance expenses were slightly increased from MMK 2.9 billion in FY2025 to MMK 3.1 billion in FY2026 which was mainly caused by the facility fees as a result of rescheduling loan tenure by the Company.

The Group's other losses decreased significantly to MMK 0.8 billion in FY2026 from MMK 5.4 billion in FY2025. This improvement was primarily driven by lower unrealized foreign currency revaluation losses compared with last year. While fair value gains from investment properties and one-off gains on derecognition of available-for-sale investments were not present this year as they were in the previous year, the strong reduction in foreign currency losses still delivered a notable improvement.

Below is the detailed breakdown of other losses of the Group:

| (MMK'000) | FY 2026 (Audited) | FY 2025 (Audited) |
|---|---|---|
| Losses on foreign currency exchange, net | **(161,900)** | (9,346,323) |
| Gain on fair value of investment properties | **-** | 2,576,446 |
| Loss on disposal of associates | **(13,943)** | - |
| Gain on disposal of property, plant and equipment | **92,784** | 222,684 |
| Gain on derecognition of available-for-sale investment | **-** | 1,567,702 |
| Write-back of payable | **64,135** | 52,134 |
| Write-off of receivable | **(48,556)** | (18,285) |
| Write-off of Project | **-** | (12,497) |
| Adjustment for under-recognition of account receivable | **-** | 7,666 |
| Write-off of property, plant and equipment | **(774,632)** | (497,446) |
| **Total Other Losses** | **(842,112)** | (5,447,919) |

The Group recorded share of profit of associates and joint venture in FY2026. A detailed breakdown is as below:

| (MMK'000) | Stake | Group Share of Profit/(Loss) FY 2026 (Audited) | Group Share of Profit/(Loss) FY 2025 (Audited) |
|---|---|---|---|
| Thanlyin Estate Development Limited | 30.0% | **10,339,457** | 16,000,431 |
| FMI Garden Development Limited | 47.5% | **458,215** | 1,247,151 |
| Meeyahta International Hotel Limited | 20.0% | **-** | - |
| Kawthaung Hill Investment Limited | 37.5% | **(182)** | (171) |
| LSC-FMI Company Limited | 50.0% | **(2,679)** | (1,573) |
| Pun Hlaing Links Services Company Limited | 30.0% | **(35,265)** | (65,026) |
| FMI Decaux Company Limited | 40.0% | **213,202** | (407,007) |
| Memories (2022) Pte. Limited | 16.66% | **(3,907,248)** | (2,199,693) |
| CLW Development Limited | 25.0% | **(1,096,713)** | (5,247,688) |
| Chindwin Holdings Pte Ltd | 30% | **408,808** | - |
| Chindwin Bagan Co.,Ltd | 30% | **(1,124)** | - |
| Yoma Urban Development Co.,Ltd. | 30% | **(77)** | - |
| **Total Share of Profit** | | **6,376,394** | 9,326,424 |

The Group's share of profit from associates and joint venture decreased by 31.6%, from MMK 9.3 billion in FY2025 to MMK 6.4 billion in FY2026. This decrease was mainly due to a lower contribution from Thanlyin Estate Development Limited, resulting from lower fair value gains recognized on its investment property portfolio and completion of Estella and ARA development projects. Additionally, The decrease was further impacted by higher losses recorded by Memories (2022) Pte. Limited primarily resulting from loss on disposal of Hotel Suggati, increase in interest expenses on financing along with unrealized currency revaluation losses. The reductions were partially offset by an improved performance from CLW Development Limited mainly attributable to a decrease in

unrealized currency revaluation losses on shareholder loans, resulting in a lower share of loss recognized by the Group.

Due to the aforementioned reasons, the Group's net profit after tax for the year ended 31 March 2026 was increased to MMK 56.7 billion compared to MMK 11.0 billion for the year ended 31 March 2025.

Total other comprehensive income for the year decreased by 103.2% from MMK 3.5 billion in FY2025 to MMK 0.1 billion in FY2026. This decline was primarily driven by reduced share of other comprehensive income as a result of lower foreign currency translation gains from its associates, particularly Memories (2022) Pte Ltd. The absence of one-off reclassification of cumulative fair value gains relating to the Company's investment in MTSH from other comprehensive income to profit or loss upon disposal mitigated the extent of the decrease.

As the result of the above, the Group reported a net profit attributable to equity holders of the Company of MMK 34.8 billion in FY2026 as compared to MMK 6.8 billion in FY2025.

For the reasons outlined above, the basic earnings per share ("EPS") was MMK 1,051 and the diluted EPS was MMK 841 in FY2026, which increased by 410.3% and 409.6% respectively, as compared to MMK 206 and MMK 165 in FY2025. For the purpose of calculating diluted earnings per share, the weighted average number of shares issued has been adjusted assuming that any dilutive convertible securities were duly exercised at the commencement date of the reporting period.

A summary statement of the financial position of the Group, together with a comparative statement as of the end of the immediately preceding financial year, 31 March 2026 is shown below.

**Summary of Group Balance Sheet**

| (MMK'000) | **As at 31-Mar-2026** (Audited) | As at 31-Mar-2025 (Audited) | % Change |
|---|---|---|---|
| **ASSETS** | | | |
| Total current assets | **4,976,682,642** | 3,942,662,602 | 26.2% |
| Total non-current assets | **1,215,690,311** | 1,078,234,942 | 12.7% |
| Total assets | **6,192,372,953** | 5,020,897,544 | 23.3% |
| **LIABILITIES** | | | |
| Total current liabilities | **5,501,667,605** | 4,393,812,344 | (25.2%) |
| Total non-current liabilities | **15,268,449** | 14,914,344 | (2.4%) |
| Total liabilities | **5,516,936,054** | 4,408,726,688 | (25.1%) |
| **NET ASSETS** | **675,436,899** | 612,170,856 | 10.3% |
| | | | |
| **EQUITY** | | | |
| Equity attributable to the equity owners of the Company | **534,342,341** | 494,813,111 | 8% |
| Non-controlling interest | **141,094,558** | 117,357,745 | 20.2% |
| **TOTAL EQUITY** | **675,436,899** | 612,170,856 | 10.3% |

Total current assets increased from MMK 3,942.7 billion as at 31 March 2025 to MMK 4,976.7 billion as at 31 March 2026. This increase was principally due to the increase in the Bank's loan portfolio (demand loans) and treasury portfolio (treasury bonds and bills) at Yoma Bank.

Total non-current assets increased as at 31 March 2026 to MMK 1,215.7 billion as compared to MMK 1,078.2 billion as at 31 March 2025. This increase was principally due to the additional investment in treasury securities, profit sharing and translation reserve from associates.

Total current liabilities increased from MMK 4,393.8 billion as at 31 March 2025 to MMK 5,501.7 billion as at 31 March 2026. This increase was mainly due to the increasing deposit from customers held by the Bank, mostly in Saving Deposit, Super Fixed Deposit and Flexi products at Yoma Bank.

Total non-current liabilities increased slightly from MMK 14.9 billion as at 31 March 2025 to MMK 15.3 billion as at 31 March 2026, mainly due to the impact of higher exchange rate on translation of foreign currency shareholder loan at Pun Hlaing Hospitals, which resulted in a higher MMK carrying value of the borrowings

The Group's equity increased by 10.3% during the year, primarily driven by the Group's positive financial performance. The increase was further supported by higher equity reserves and non-controlling interests, mainly attributable to the Financial Services sector.

As of 31 March 2026, the Group's cash and cash equivalents amounted to approximately MMK 758.3 billion. A summary of the Group Statement of Cash Flows is as follows: -

**Summary of Group Cash Flow Statement**

| (MMK'000) | **FY 2026**<br>(Audited) | FY 2025<br>(Audited) | % Change |
|---|---|---|---|
| Net cash (used in)/provided by operating activities | **(349,148,843)** | 467,703,890 | (174.7%) |
| Net cash used in investing activities | **(21,773,200)** | (20,093,015) | (8.4%) |
| Net cash used in financing activities | **(7,821,418)** | (4,711,319) | (66.0%) |
| Net (decrease)/increase in cash and cash equivalents | **(378,743,461)** | 442,899,556 | (185.5%) |
| Cash and cash equivalents at beginning of the year | **1,137,007,579** | 694,108,023 | (63.8%) |
| Cash and cash equivalents at the end of the year | **758,264,118** | 1,137,007,579 | (33.3%) |

The Group's cash and cash equivalents decreased by 33.3% to MMK 758.3 billion as at 31 March 2026, compared with MMK 1,137.0 billion as at 31 March 2025, mainly reflecting movements at Yoma Bank. As at 31 March 2026, the Group recorded net cash used in operating activities of MMK 349.1 billion, primarily due to growth in the Bank's loan portfolio, higher customer deposits, and redemption of principal upon maturity of treasury securities by Yoma Bank. Net cash used in investing activities was MMK 21.8 billion, mainly attributable to purchases of property, plant and equipment, across entities. Net cash used in financing activities for the year ended 31 March 2026 amounted to MMK 7.8 billion, driven by repayment of bank borrowings by the hospital segment and bank loan interest payments made by the Company and hospitals.

## Outlook

Despite an improvement in business conditions following the earthquake recovery, Myanmar's operating environment remained challenging amid uncertainties, infrastructure constraints, inflationary pressures, and import restrictions. Nevertheless, the economy returned to modest growth in 2026 after contracting in 2025, with the Asian Development Bank forecasting GDP growth of 2.4% in 2026 and 2.7% in 2027[2]. In light of these circumstances, the Group maintained a prudent, disciplined approach, delivered significantly stronger performance than the previous year, supported by the strong contributions from its Financial Services, Healthcare Services, and Real Estate Services businesses.

## Financial Services

The Group's financial services "Yoma Bank" delivered the highest profit in its history during the financial year, supported by strong deposit growth reflecting sustained customer confidence, as well as continued loan expansion following the Central Bank of Myanmar's approval to resume short-term commercial lending.

Yoma Bank established a centralized valuation team to strengthen credit quality, resume MPU Credit Card operations and launch Hire Purchase (HP) lending for personal vehicles and electric vehicles (EVs) to diversify its product portfolio. Yoma Bank further expanded its digital and customer service capabilities through the launch of the Next App MMQR initiative and the rollout of Agent Banking services in partnership with City Mart Holdings Limited, enhancing customer access to banking services without needing to visit a branch.

In addition, the Bank strengthened its international remittance network through partnerships with 2C2P, MoneyGram, Western Union, Ria, and Dee Money, supporting secure and convenient remittance services for Myanmar migrant workers. In December 2025, Yoma Bank and Prudential Myanmar extended their bancassurance partnership for another 10 years.

## Healthcare Services

The Group's healthcare services "Pun Hlaing Hospitals" achieved strong revenue growth during the year, driven by organic expansion across its healthcare services. Among its key clinical milestones, the hospital successfully completed 61 renal transplant pairs, further reinforcing its position as one of Myanmar's leading private-sector transplant centers. In recognition of its commitment to quality, innovation, and patient-centered care, Pun Hlaing Hospitals was awarded "**Hospital Group of the Year 2026**" by Hospital Management Asia.

To enhance access to specialized healthcare services, Pun Hlaing Hospitals established a strategic partnership with IJN Malaysia Hospital to offer pediatric cardiac surgery programs for patients in Myanmar. Pun Hlaing Hospitals also expanded access to international medical expertise by enabling patients to consult overseas specialists and receive a wide range of advanced medical services locally. To enhance diagnostic accessibility, Pun Hlaing Hospitals plans to further expand its laboratory collection network. In celebration of its 21st anniversary, the hospital relaunched its Medical Check-Up (MCU) packages, which have been well received by the community.

Pun Hlaing Hospitals continues to enhance healthcare accessibility and continuity of care across both physical and digital platforms through the Heal App. In parallel, the hospital is investing in capital projects to expand its facilities in Taunggyi and Mandalay, supporting future growth and increasing its capacity to serve patients across Myanmar.

## Real Estate

The Group's real estate sector remains committed to supporting Myanmar's urban development despite ongoing market fluctuations and changing conditions. In February 2026, a new tower (Tower D) comprising 221 units at City Loft West in Hlaing Tharyar Township was launched for sale, with approximately half of the units sold to date. Handover of Tower D is targeted for the last quarter of 2028.

Construction of the previously sold units in Towers A, B and C remains on schedule for completion by the end of 2027, followed by phased handovers. As construction progresses and unit handovers continue, the related financial contributions are expected to be recognized in future reporting periods.

---

[2] Myanmar: Economy | Asian Development Bank

**Tourism**

Myanmar's tourism sector is expected to continue its gradual recovery, supported by growing regional travel demand and improving tourism activity. Memories Group has contributed to the sector's recovery through its localized tourism offerings, with occupancy rates at Awei Pila and Awei Metta Hotel improving compared with the previous financial year.

Building on a resilient and adaptable operating foundation, Memories Group remains committed to advancing responsible hospitality in Myanmar. The Group will continue to support Memories Group's strategic priorities and growth initiatives.

By Order of the Board

Tun Tun
Chief Executive Officer
June 26, 2026

**First Myanmar Investment Public Company Limited**
YSX Code 00001
The Campus
1 Office Park, Rain Tree Drive
Pun Hlaing Estate, Hlaing Thayar Township,
Yangon 11401, Myanmar
Tel: (01) 3687766